# ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်တင့်
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်တင့်သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ရေးရာဆောင် (I-7) အပေါ်ထပ်၌ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ကော်မတီအနေဖြင့် ဘဏ္ဍာ/ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ် ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မိမိတို့ဆောင်ရွက် နေရသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုပါကြောင်း၊ ယခုလို နွေးနွေးထွေးထွေး လာရောက်တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် မူဝါဒများ၊ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့ဘဏ္ဍာလုပ်ငန်း ဝန်ဆောင်မှုအား နည်းပညာအသုံးပြု၍ ခေတ်နှင့်အညီပိုမိုတိုးတက်စေရန်ဆောင်ရွက်နေမှုများ၊ ကျင့်သုံးလျက်ရှိသော အကောက်ခွန် ဆိုင်ရာ မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအရ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ငွေကြေးကြီးကြပ်မှုနှင့် ချေးငွေဆိုင်ရာအခြေအနေများ၊ အာမခံလုပ်ငန်းနှင့် ပင်စင်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ကြပြီး ကော်မတီအဖွဲ့ဝင်များမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက် သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။